# People's Defense Force (Kani)

# ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ (ကနီမြို့နယ်)

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

## ကြေညာချက် အမှတ်(၈/၂၀၂၁)

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ(၁)ရက်

ယခု မြန်မာ့နွေဦးတော်လှန်ရေး ၂၀၂၁ ခုနှစ် ဧပြီလဆန်းပိုင်းကတည်းက စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်းသို့ အကြမ်းဖက်စစ်ကောင်စီအဖွဲ့ ဝင်ရောက်ခဲ့သည်။ အကြမ်းဖက် စစ်ကောင်စီအဖွဲ့သည် (၁၁.၄.၂၀၂၁)ရက်နေ့မှ (၂၀.၆.၂၀၂၁)နေ့အတွင်း ကနီမြို့ပေါ်ရပ်ကွက်(၃)ခု နှင့် ကျေးရွာပေါင်း(၅၁)ရွာသို့ ဝင်ရောက်၍ ရွှေ ငွေ၊ ဆိုင်ကယ် တန်ဖိုးကြီးပစ္စည်းများ၊ ဆန် ဆီ ပဲ စားနပ်ရိက္ခာ ပစ္စည်းများ၊ ဆေးဝါး ပစ္စည်းများ၊ အဝတ်အထည် နှင့် လူသုံးကုန် ပစ္စည်းများ၊ နွား ဆိတ် ကြက် ဝက် အိမ်မွေး တိရစ္ဆာန်များ စသည်တို့ကို အလိုရှိရာယူဆောင်သွားခြင်း၊ လူနေအိမ်များ၊ ကား ဆိုင်ကယ်များ ကိုဖျက်ဆီးခြင်းများရှိခဲ့ရာငွေကျပ်သိန်းပေါင်းထောင်ချီပျက်ဆီးနစ်နာဆုံးရှုံးခဲ့ရသည်။ ထို့အပြင်ငြိမ်းချမ်းစွာနေထိုင်သော ပြည်သူများ၊(၄၂)ဦးထက်မနည်းကို ဖမ်းဆီးရိုက်နှက်စစ်ဆေးခြင်း၊ အပြစ်မဲ့ပြည်သူ(၄) ဦးကို ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်း၊ ပြည်သူ(၃၉)ဦးကို ဖမ်းဆီး ထိန်းသိမ်းခြင်းများရှိခဲ့သည်။ သို့ဖြစ်ရာ ကနီမြို့နယ်တွင် စစ်ဘေးရှောင် မိဘပြည်သူ ဦးရေ (၅၀ ၀၀၀)ကျော် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရသည်။ ထိုကဲ့သို့ ထွက်ပြေးတိမ်းရှောင်စဉ် သွေးလွန်တုပ်ကွေးရောဂါဖြင့် အသက်(၉)နှစ်အရွယ် ကလေးငယ် (၁)ဦး အသက်ဆုံးရှုံးခဲ့ရသည်။

မိမိတို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အနေဖြင့် ဒီမိုကရေစီမဟာမိတ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ နှင့် ပူးပေါင်း၍ ရရာလက်နက်ကို ကိုင်စွဲကာ တတ်စွမ်းသရွေ့ အကြမ်းဖက်စစ်ကောင်စီအဖွဲ့ကို ခုခံတွန်း လှန် ကာကွယ်ခဲ့သည်။ ကနီမြို့နယ်နှင့် နယ်စပ်ဒေသများတွင် အကြမ်းဖက်စစ်ကောင်စီအဖွဲ့နှင့် တိုက်ပွဲ (၃၀)ကြိမ်ထက်မနည်း ဖြစ်ပွားခဲ့ရာ မိမိတို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဘက်မှ ရဲဘော်(၂၇)ဦး ကြွေလွင့် ခဲ့ရပါသည်။

ယခုကဲ့သို့ မိမိတို့မြို့နယ်အတွင်းရှိ ပြည်သူအများ၏ အသက်အိုးအိမ်စည်းစိမ်များပျက်ဆီး ဖျက်ဆီးခံ ခဲ့ရခြင်း၏ အဓိကအကြောင်းအရင်းမှာ အကြမ်းဖက်စစ်ကောင်စီအဖွဲ့ မတရားအာဏာသိမ်းခဲ့၍ဖြစ်ရာ မိမိတို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အနေဖြင့် ပြည်သူအများယုံကြည်အားထားရသော အမျိုးသားညီ ညွတ်ရေးအစိုးရ၏ လမ်းညွှန်ချက်များနှင့် အညီ မြန်မာ့နွေဦးတော်လှန်ရေး ဒီမိုကရေစီအောင်ပွဲ ရရှိသည်

အထိ ရရာလက်နက်ကို ကိုင်စွဲကာ သွေးမအေး နောက်မတွန့် မကြောက်ရွံ့ဘဲ တိုက်ပွဲဝင်သွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ယခုအခါ မြန်မာ့နွေဦးတော်လှန်ရေးသည် အောင်ပွဲနီးရန် အရှိန်အဟုန်မြန်စွာ တိုးတက်ပြောင်းလဲလာသည်ဖြစ်ရာ ပြည်သူများအနေဖြင့် လိုအပ်သောစားနပ်ရိက္ခာဆေးဝါးပစ္စည်းများ ပြင်ဆင်ထားကြရန် အရေးပေါ် တိမ်းရှောင်နိုင်ရန် နေရာများစီမံထားရှိပြီး အရေးကြီးသောအရာများကို အလွယ်တကူ ယူဆောင်နိုင်အောင် ကြိုတင်ပြင်ဆင်ထားကြရန်၊ ရပ်ကွက်ကျေးရွာများအလိုက် သတင်းမှန်ကင်းထောက်အဖွဲ့ ရပ်ရွာလုံခြုံရေးအဖွဲ့များထားရှိပြီး စစ်ကောင်စီအကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏လက်ကိုင်တုတ် ပျူစောထီးများ၊ ဒလန်များ၊ သူလျှိုများ၏ လှုပ်ရှားမှုများကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များထံသို့ လျှို့ဝှက် (လျှို့ဝှက်) သတင်းပေး ကူညီကြရန်၊ မိမိတို့၏ တော်လှန်ရေးရဲဘော်များ မိမိတို့နေထိုင်ရာ ရပ်ကွက်ကျေးရွာများသို့ ဝင်ရောက်ပုန်းခိုရန် အကူအညီ တောင်းခံလာပါက ဝိုင်းဝန်းကူညီပေးကြရန်၊ မသင်္ကာဖွယ်ရာ ပစ္စည်းများ၊ တစုံတရာတွေ့ရှိပါက မစူးစမ်းကြရန်၊ မိမိတို့၏ လုံခြုံရေးကို အထူးသတိပြုနေထိုင်ကြရန်၊ အကြမ်းဖက်စစ်ကောင်စီအဖွဲ့ကို ဆန့်ကျင်တော်လှန်ရာတွင် မိမိတို့ တတ်စွမ်းရာ အခန်းကဏ္ဍမှပူးပေါင်းပါဝင်ပေးကြပါရန် ထပ်မံ အသိပေးအပ်ပါသည်။

"အရေးတော်ပုံ အောင်ရမည်"

| | |
|---|---|
| ဆက်သွယ်ရန် | ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ |
| peopledefenseforcekani@gmail.com | (ကနီမြို့နယ်) |